ရောဂတီတိုင်းဒေသကြီး၊ ခနေဖြူမြို့နယ်၊ ကျုံတနော်အရှေ့အုပ်စု ၊ ကျုံတနော်ရွာနှင့် ဂယက်စုရွာ ရွာချင်းဆက် အင်းအမှတ် (၈၈)၊ ကျုံတနော်အင်းနှင့် တဆက်တည်း အင်းအမှတ်(၂၉) ကနူဆက်အင်း(၂) အင်းတွင် လုပ်ကိုင်စားသောက်နိုင်ရန် ရေလုပ်သားများသည် တစ်လလျှင် (၃၀၀၀၀)ကျပ်ကို အင်းသားကြီးကိုပေးဆောင်ရခြင်းကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျုံတနော်ရွာနှင့် ဂယက်စုရွာရှိ အခြေခံရေလုပ်သားနှင့် လယ်သမားသမဂ္ဂအား ကြမ်းခင်း ဈေးဖြင့် လုပ်ကိုင်ခွင့်ပြုရန် အတွက် ကျုံတနော်ကျေးရွာမှ ရေလုပ်သား(၃၆)ဦး တို့မှ ခနေဖြူမြို့မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ ပြည်ထောင်စုဝန်ကြီး ၊ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ၊ မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေး၊ စားသောက်ကုန်ထုတ် လုပ်ငန်းပေါင်းစုံအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် ၊ ရောဂတီတိုင်းဒေသကြီး လယ်ယာမြေအလုပ်သမားနှင့် ရေလုပ်သားသမဂ္ဂများအဖွဲ့ချုပ်၊ တိုင်းဦးစီးမှူး၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ ရောသတီတိုင်းဒေသကြီး ပုသိမ်မြို့၊ လွှတ်တော် ကိုယ်စားလှယ်ရုံး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ခနေဖြူမြို့၊ ခရိုင်ဦးစီးမှူး၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာန ခနေဖြူမြို့နယ်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျုံတနော်အရှေ့လယ်ယာမြေ အလုပ်သမား နှင့်ရေလုပ်သားများသမဂ္ဂအဖွဲ့ တောင်ရိုးကျေးရွာမြို့တို့ကို တင်ပြထားသည်။

ကျုံနော်ကြီးအင်းနှင့် ကနူဆက်အင်းတို့သည် တဆက်တည်းရှိသော အင်းချောင်း(၂)ခု၏ ဘေးပတ်လည်တွင် နွေစပါးစိုက်တောင်သူ(၂၀)နှင့် ရေလုပ်သား(၃၆)ဦးတို့သည် နှစ်စဉ် ရေအခက်အခဲနှင့် နွေစပါးသမားကြုံရသလို ဂေလုပ်သား(၃၆)ဦးတို့မှ အင်းချောင်းအတွင်းရှာဖွေစားသောက်ရာတွင် ပိုက်ပျောက် ခြင်း၊ လှေဆွဲခြင်း၊ ဖွန်/ဇူလိုင်လများ၏ နောက်ပိုင်းတွင် အင်းသားကြီးအား ရေလုပ်သားများမှ ရှာဖွေစားသောက်

နိုင်ရေးကို တစ်လလျှင် (၃၀၀၀၀)ကျပ်ပေး၍ရှာဖွေစားသောက်ရပြီး မပေးနိုင်သူမှာ အင်းချောင်းတွင် ရှာစား၍

မရပေ။